အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၏ (၁၃)ကြိမ်မြောက်ညီလာခံသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်မိန့်ခွန်းပြောကြား
(၃၀-၁၀-၂၀၂၄ ရက်၊ ဗီယင်နာ)

သြစတြီးယားနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ(IACA) အဖွဲ့ဝင်များ၏ (၁၃)ကြိမ်မြောက်ညီလာခံကို ၃၀-၁၀-၂၀၂၄ ရက်တွင် ဗီယင်နာ အပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပခဲ့ရာ၊ သဘာပတိအဖြစ် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး YB Dato' Sri Azalina binti Othman Said ကဆောင်ရွက်ခဲ့ပြီး မွန်တီနီဂရိုးနိုင်ငံဒုတိယဝန်ကြီးချုပ် အပါအဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဌာန အကြီးအကဲများ၊ ဗီယင်နာမြို့အခြေစိုက် အမြဲတမ်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါ သည်။ အဆိုပါညီလာခံသို့ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ပါဝင်တက်ရောက်ခဲ့ပြီး အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားမှု ကဏ္ဍတွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် IACA ၏ လုပ်ငန်းအစီအစဉ် (၂၀၂၅-၂၀၂၈)အား အပြည့်အဝထောက်ခံမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်း ဆောင်ရွက်ရာတွင် နိုင်ငံများအားလုံး အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် နည်းပညာအကူ အညီများ၏အရေးပါမှု၊ IACA ၏အွန်လိုင်းဖြင့် သင်ကြားပို့ချပေးမှုအပါအဝင် မဟာဘွဲ့သင်တန်းများ၊ လေ့ကျင့်ရေးသင်တန်းများအပေါ် တန်ဖိုးထားမှု၊ အဆိုပါသင်တန်းများသို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တာဝန်ရှိသူများအတွက် သက်သာ သော သင်တန်းကြေးဖြင့် လည်းကောင်း၊ အခမဲ့အွန်လိုင်းသင်တန်းများအားလည်းကောင်း စီစဉ် ပေးစေလိုမှုတို့ကို ဆွေးနွေးပြောခဲ့ပါသည်။

ဆက်လက်၍၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်မြှင့်တင်ရေး အလေးထားလျက် လက်ရှိတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ ကိုယ်ကျင့်သိက္ခာစံနှုန်းများ မြှင့်တင်ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ပြည်သူ့ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အခြေခံပညာကျောင်းများအတွက် သင်ရိုး ညွှန်းတမ်းစာအုပ်များ၊ တက္ကသိုလ်များအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကျင့်ဝတ်ဆိုင်ရာ

သင်ခန်းစာများ ဖြန့်ဝေထားရှိမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ လူငယ်စခန်းများ၊ အသိပညာပေးအစီအစဉ်များ၊ မီဒီယာလှုပ်ရှားမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရေးစကားဝိုင်းများ ကျင်းပဆောင်ရွက်နေမှု တို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCAC)၊ သက်ဆိုင်ရာစဉ်ဆက် မပြတ်ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ(SDGs) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် IACA နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုခဲ့ပါသည်။

******************************

Myanmar Permanent Representative attends the 13th IACA Assembly and delivers a Statement

(30-10-2024, Vienna)

The 13th session of the Assembly of Parties of the International Anti-Corruption Academy (IACA)based in Vienna was held at the Vienna International Centre on 30 October 2024. The Assembly was presided by YB Dato' Sri Azalina binti Othman Said, Minister in the Prime Minister’s Department (Law and Institutional Reforms), and attended by the Deputy Prime Minister of Montenegro along with Heads of anti-corruption institutions and Permanent Representatives in Vienna. Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and Other International Organizations in Vienna, attended and delivered a Statement during the General Discussion.

In his Statement, Myanmar Permanent Representative mentioned Myanmar’s fully support to the IACA Work Programme 2025–2028, importance of capacity building and technical assistance for all countries particularly for least developed countries (LDCs) in their fight against corruption, and its recognition of IACA’s master's programmes and training initiatives including online formats, and requested for affordable and accessible programmes and free online training opportunities for anti-corruption officials from LDCs.

He briefed on Myanmar’s dedicated efforts on combating corruption and promoting good governance, and ongoing implementation of Anti-Corruption Strategic Plan (2022-2025) focusing on raising awareness, fostering preventive measures, promoting ethical standards, and strengthening collaboration with regional and international partners. He also highlighted the public education initiatives of the Anti-Corruption Commission of Myanmar including distribution of teachers' guidebooks on integrity for schools, as well as modules of anti-corruption, integrity and ethics for universities and conducting events aimed at preventing and combating corruption such as integrity camps, edutainment programmes, media campaigns, workshops on accountability and business integrity, and educational talks.

The Permanent Representative reiterated Myanmar’s firm commitment to cooperating with IACA in combating corruption and implementing United Nations Convention against Corruption (UNCAC) and related Sustainable Development Goals (SDGs).

*********************************




မြန်မာအမြဲတမ်းကိုယ်စားလှယ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး
အကယ်ဒမီ၏ (၁၃)ကြိမ်မြောက်ညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်




မြန်မာအမြဲတမ်းကိုယ်စားလှယ်က အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေး
အကယ်ဒမီ၏ (၁၃)ကြိမ်မြောက်ညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်




မြန်မာအမြဲတမ်းကိုယ်စားလှယ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ၏ (၁၃)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်စဉ်



မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ၏ (၁၃)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်စဉ်